# ရှစ်လေးလုံးငွေရတုပွဲမှ ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ရန် ညီလာခံတစ်ရပ် ပြုလုပ်မည်

သတင်းရင်းမြစ် > ရေခဲ(ပြည်)
သောကြာနေ့၊ အောက်တိုဘာလ ၂၅ ရက် ၂၀၁၃ ခုနှစ် ၁၀ နာရီ ၂၄ မိနစ်

---

ရှစ်လေးလုံး၂၅ နှစ်ပြည့် ငွေရတုအခမ်းအနားတွင် ဆုံးဖြတ်ချက်ချခဲ့သော အချက်သုံးချက်ကို
အကောင်အထည်
ဖော်ရေး ညီလာခံတစ်ရပ်ပြုလုပ်ရန် လုပ်ငန်းကော်မတီဖွဲ့ ဆောင်ရွက်သွားမည်ဟု အကောင်အထည်ဖော်ရေး
ကြိုးပမ်းနေသူ ညှိနှိုင်းရေးအလုပ်အဖွဲ့မှ အဖွဲ့ဝင် ကိုတိုးတိုးထွန်းက မဇ္ဈိမကို ပြောသည်။

ထိုသို့ ညီလာခံတစ်ရပ် လုပ်ဆောင်ရန် အောက်တိုဘာလ ၂၄ရက်က ပြည်မြို့ ရွှေတစ်ချောင်းလမ်းတွင်
ပြုလုပ်သော
ဆွေးနွေးပွဲတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ လိုက်ပြီးညှိနှိုင်းဆွေးနွေးမှုကရတဲ့ အင်အားစုအသီးသီးကကိုယ်စားလှယ်တွေနဲ့
အကောင်အထည်
ဖော်ရေး လုပ်ငန်းကော်မတီ ဖွဲ့မယ်။ ညီလာခံကြီးကို ဘယ်အချိန်မှာလုပ်မယ်။ ဘယ်သူတွေပါ ဝင်မယ်။
ဘယ်သူတွေ ပူးပေါင်းဆောင်ရွက်မယ်ဆိုတာ သူတို့က ချမှတ်မယ်။ ညီလာခံကြီးမှာ တိုင်းရင်း သားတွေ
ပါမလား။ စစ်တပ်ပါ မလားဆိုတာ သူတို့က ချမှတ်မယ်"ဟု ကိုတိုးတိုးထွန်းက ပြောသည်။

ရှစ်လေးလုံးငွေရတုနေ့အခမ်းအနားမှ ဆုံးဖြတ်ချက်သုံးရပ်သည် ကိုယ့်ကြမ္မာကိုယ် ပြဋ္ဌာန်းခွင့်ရှိ၍
တန်းတူညီမျှမှု ရှိသော ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသစ်ကို ထူထောင်ရေး၊ ၂၀၀၈ ခုနှစ်
ဖွဲ့စည်းပုံ အခြေခံဥပဒေ
ပြင်ဆင်ရေး(သို့) အသစ်ပြန်လည်ရေးဆွဲရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးကို
ဦးတည်သော အမျိုးသားအင်အားစုများ ပါဝင်သည့် ညီလာခံတစ်ရပ် ကျင်းပရေးတို့ ဖြစ် သည်။

ထိုဆုံးဖြတ်ချက်သုံးရပ်ကို အကောင်အထည်ဖော်ရေးအတွက် ငွေရတုအခမ်းအနားအပြီး တစ်လအကြာတွင်
နိုင်ငံရေး လူမှုရေးအသိုင်းအဝိုင်းမှ ကိုယ်စားလှယ် (၁၇)ဦးဖြင့် ပြင်ဆင် ညှိနှိုင်းရေး အလုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး
ထိုအဖွဲ့မှ
မြန်မာနိုင်ငံအနှံ့ မြို့နယ်အသီးသီးတွင် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်လျှက်ရှိ သည်။

ညီလာခံတွင် လွှတ်တော်၊ စစ်တပ်နှင့် အစိုးရက တစ်အုပ်စု၊ တိုင်းရင်းသားများက တစ်အုပ်စု၊ ဒီမိုကရေစီ
အင်အားစု များက တစ်စု စသဖြင့် အုပ်စုသုံးခုခွဲပြီး စားပွဲတစ်ဝိုင်းတည်းထိုင်ကာ မျက်နှာစုံညီ
ဆွေးနွေးသင့်ကြောင်းနှင့် ထိုညီလာခံကြီး ကျင်းပနိုင်ရန် အစိုးရတွင် တာဝန်ရှိကြောင်း နိုင်ငံရေးအကျဉ်းသား
ဟောင်းများ အဖွဲ့အစည်း (ပြည်ခရိုင်) မှ အဖွဲ့ဝင် ကိုကျော်ဆန်းက အကြံပြု ပြောကြားသည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post
by
Mizzima - News in Burmese
.

---